## နော်ဝေရောက် မြန်မာနိုင်ငံသားများမှ မွေးဖွားမှုနှင့် သေဆုံးမှုစာရင်း အချက်အလက်များအား သတင်းပေးပို့ကြပါရန် အသိပေးကြေညာခြင်း

မြန်မာနိုင်ငံစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ဗဟိုစာရင်းအင်းအဖွဲ့မှ မြန်မာနိုင်ငံ၏ ဖွားသေမှတ်ပုံတင်ခြင်း စနစ် ပိုမို အားကောင်းလာစေရန်၊ နိုင်ငံတကာ အဆင့်မီသော စနစ်ဖြစ်လာစေရန်၊ မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများ ပြည့်စုံမှန်ကန်စွာ တွက်ချက် ခန့်မှန်းနိုင်ရန်အတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ vital event (မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း) များအား နိုင်ငံအလိုက်/ ဒေသအလိုက် အချက်အလက်များအား စနစ်တကျ ပြုစုမှတ်တမ်း တင်ပြရန် လိုအပ်လာပါကြောင်း အကြောင်းကြားလာပါသည်။

သို့ဖြစ်ပါ၍ နော်ဝေနိုင်ငံရောက်မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ နော်ဝေနိုင်ငံသို့ ရောက်ရှိနေထိုင်ကြောင်း သတင်းပေးပို့မှု မှတ်တမ်းနှင့် မိမိနှင့် မိမိတို့ မိသားစု၏ vital event (မွေးဖွားခြင်း၊သေဆုံးခြင်း၊ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊မွေးဖွားခြင်း )တို့အား သံရုံးသို့ သတင်း ပေးပို့ထားကြပါရန်နှင့် အောက်ဖော်ပြပါ ပုံစံအား(excel file) ဖြည့်စွက်၍ email (myanmarembassyoslo@gmail.com)သို့ ပေးပို့ပေးနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်-

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
067
OSLO

မြန်မာသံရုံး၊အော်စလိုမြို့

၂၀၁၈ခုနှစ်၊စက်တင်ဘာလ ၁ ရက်